# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 5 , 2022 Volume 53, Number 3


**၅.၄.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၀ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၁၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၁.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၆၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၃၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၃၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၈၅၀ ဖြင့် ဗဟိုဘဏ်သတ်မှတ် ပြည်တွင်းရွှေနှင့်စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းနိုင်ဟုဆို

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်ပမှနိုင်ငံခြားသုံးငွေဖြင့်ရရှိသော ဝင်ရောက်ငွေ (ကုန်သွယ်မှုမှရငွေ၊ ကုန်သွယ်မှု မဟုတ်သောရငွေ) များကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၈၅၀ ဖြင့်လဲလှယ်ရန် သတ်မှတ်လိုက်ကြောင်း ဗဟိုဘဏ်က ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

ထိုသို့ ဗဟိုဘဏ်၏ညွှန်ကြားချက်သည် ပြည်တွင်းရွှေနှင့်စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကသုံးသပ်ကြသည်။ " အရင်ကတော့ ဗဟိုဘဏ်က ဒီလိုအတိအကျနဲ့ညွှန်ကြားတာမရှိဘူး။ သတ်မှတ်ချက်မရှိဘူး၊ အခုက နှုန်းထားတစ်ခုကိုသတ်မှတ်ပေးလိုက်တဲ့အတွက် ပြည်တွင်းမှာ ရွှေဈေးနဲ့ စက်သုံးဆီဈေးတွေကတော့ ကျသွားမှာပါ။ အခု လောလောဆယ်တော့ မဟုတ်သေးဘူး။ ဒီတစ်ပတ်အတွင်းတော့ကျလာမှာပဲ" ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဗဟိုဘဏ်၏ ငွေလဲနှုန်းသတ်မှတ်ချက်သည် သက်ဆိုင်ရာ နိုင်ငံခြားငွေရောင်းချခွင့် လိုင်စင်ရဘဏ်များတွင် ဝင်ရောက်ပြီးပါက ရောင်းချရမည့်စနစ်ဖြစ်ပြီး အကောင့်တစ်ခုမှ တခြားအကောင့်တစ်ခုသို့လွှဲပြောင်း ရောင်းချခွင့်ရရှိမည်မဟုတ်ဘဲ ပို့ကုန်လုပ်ငန်းရှင်များမှရရှိသည့် နိုင်ငံခြားငွေကို သွင်းကုန်လုပ်ငန်းရှင်များထံ ပြန်ရောင်းချပေးသည့်စနစ်ဖြစ်ကြောင်း အထက်ပါလုပ်ငန်းရှင်ကရှင်းပြသည်။ "အခုသတ်မှတ်ချက်က အရင်ရောင်းချပြီးသား ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့တော့ နည်းနည်းထိခိုက်မှုတော့ရှိတယ်။ ဒါပေမဲ့ နောင်ကျရင်တော့ ဈေးနှုန်းတွေကျသွားမှာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

ယခင်က ဗဟိုဘဏ်မှရောင်းချမှုနှင့် ပြင်ပမှရောင်းချမှု ဈေးနှုန်းနှစ်ခုဖြစ်နေပြီး ယခုအခါ လုပ်ငန်းရှင်များအတွက် ငွေလဲနှုန်းထားတစ်ခုတည်းဖြင့်သာ ရောင်းချရမည်ဖြစ်သည်။ အဆိုပါသတ်မှတ်ချက်တွင် ပို့ကုန်လုပ်ငန်းရှင်များ၊ သဘော်များ၊ NGO များ အကြုံးဝင်မည်ဖြစ်ပြီး ငွေလဲကောင်တာများတွင် အထက်ပါသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်မရှိသေးကြောင်း ပြည်တွင်းငွေလဲလုပ်ကိုင်သူတစ်ဦးက ပြောသည်။

Source: [http://sdtimedaily.com/](http://sdtimedaily.com/)

## တရုတ်နိုင်ငံသို့ မြန်မာငှက်ပျောတင်ပို့ခွင့်ရရှိ

မြန်မာနိုင်ငံမှ ငှက်ပျောများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန်အတွက် အပင်၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပိုးမွှား ကင်းစင်သန့်ရှင်းရေးသဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ အဆိုပါ သဘောတူညီချက်ကို ဧပြီ ၁ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China– GACC) နှင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ပိုးအိမ်ခြောက်၊ ကျွဲ၊ နွားအရှင်နှင့်ပြောင်းတင်ပို့နိုင်ရေးအတွက် အပင်/ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေး (SPS) သဘောတူ စာချုပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် GACC တို့အကြား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ငှက်ပျောသီးတရားဝင်တင်ပို့နိုင်ရန်အတွက် ငါးကြိမ်မြောက်လက်မှတ်ရေးထိုး နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ငှက်ပျောတန်ချိန် ရှစ်သိန်းခန့်တင်ပို့နိုင်ခဲ့ပြီး ယခုလက်မှတ် ရေးထိုးသည့် သဘောတူစာချုပ်အရ မြန်မာ့ငှက်ပျောကို တရုတ်သို့ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း များမှတစ်ဆင့် ပိုမိုတင်ပို့နိုင်မည်ဖြစ်ရာ နှစ်နိုင်ငံအကြား လယ်ယာထွက်ကုန်များ တရားဝင်ကုန်သွယ်မှု တိုးမြင့်လာမည်ဖြစ်သော ကြောင့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲပုပ်၊ ပီလောပီနံ၊ ကန်စွန်းဥများ တင်ပို့နိုင်ရေးတို့အတွက် SPS နှစ်ဖက် သဘောတူစာချုပ်များ မကြာမီလက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အလားအလာရှိသော ပို့ကုန်အမယ်သစ်များဖြစ်သည့် နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ သံပရာသီး၊ ကွမ်းသီးအစိမ်းတို့အတွက်လည်း လိုအပ်သည့်ပိုးမွှားရောဂါဆန်းစစ်မှုဆိုင်ရာ အချက်အလက်များကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: http://sdtimedaily.com/

## ဧရာဝတီတိုင်းဒေသကြီးမှ စပါးလေးမျိုးကို ရန်ကုန်တိုင်းဒေသကြီးဘက်က ဈေးကောင်းပေးဝယ်နေသဖြင့် နေ့စဉ် တွဲကား ၁၀ စီးခန့်တင်ပို့နေ

ဧရာဝတီတိုင်းဒေသကြီးဘက်မှ စပါးလေးမျိုးကို ရန်ကုန်တိုင်းဒေသကြီးဘက်က ဈေးကောင်းပေးဝယ်နေသဖြင့် မတ်လ ဒုတိယပတ်မှ ယနေ့ထိ ကုန်းလမ်းကြောင်းမှ တစ်ဆင့် နေ့စဉ်တွဲကား ၁၀ စီးခန့် တင်ပို့နေရကြောင်း ဧရာဝတီတိုင်းဒေသကြီးရှိ စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှသိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ပေါ်ဆန်မွှေးဘေးကျား၊ ဆင်းသုခ၊ မနောသုခစပါးလေးမျိုးကို အဓိကတင်ပို့ရောင်းချ နေကြောင်း အဆိုပါစပါးလေးမျိုးကို ပုသိမ်၊ ဖျာပုံ၊ ကျောင်းကုန်း၊ ရေကြည်၊ ငပုတော၊ မော်လမြိုင်ကျွန်း၊ ညောင်တုန်း၊ မအူပင် စသည်မြို့များက ဝယ်ယူပြီးတင်ပို့ရောင်းချနေကြောင်းသိရသည်။

"ကျွန်တော်တို့ဘက်က စပါးလေးမျိုးကို ဈေးကောင်းပေးပြီး ရန်ကုန်ဘက်က ဝယ်ယူတယ်ဆိုတဲ့အချက်က ရန်ကုန်ဘက် က ကုန်သည်တွေကလဲ ပြည်ပနိုင်ငံတွေကို တစ်ဆင့်တင်ပို့နေကြလို့ဖြစ်ပါတယ်။ အရင်ကစပါးအကြမ်းတွေဖြစ်တဲ့ ဆင်းသုခနဲ့ မနောသုခ စပါးတင်း ၁၀၀ ကို ငွေကျပ် ခြောက်သိန်းထိရခဲ့ပေမဲ့ အခုပြည်တွင်းမှာ တင်း ၁၀၀ ကို ငွေကျပ် ရှစ်သိန်းရှစ်သောင်းထိ ရလာပါတယ်။ စပါးအချောတွေဖြစ်တဲ့ ပေါ်ဆန်းမွှေးစပါးနဲ့ ဘေးကျားကတော့ တင်း ၁၀၀ ကို ငွေကျပ် ၁၂ သိန်းကျော်ထိ ရနေ ပါတယ်။ စပါးအချောက အရင်က ငွေကျပ် ကိုးသိန်းဆိုတာ အမြင့်ဆုံးဈေးပဲရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိစပါးတွေကို တနေ့ တွဲကား ၁၀ စီးလောက် တင်ပို့နေရပါတယ်။ သင်္ကြန်ရက်နီးကပ်လာရင် တွဲကား ၁၀ စီးကျော်ထိ တင်ပို့လာဖို့ရှိတယ်လို့ ခန့်မှန်းထားပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စပါးရောင်းဝယ်ရေးလုပ်ငန်းရှင် ကိုရဲရင့်ထွန်းကပြောပြ၍သိရ သည်။

Source: ရတနာပုံသတင်းစာ

## ၂၀၂၂ ခုနှစ်၊ မတ်လ ၂၆ ရက်မှ ဧပြီလ ၁ ရက်နေ့အတွင်း ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၆ ရက်မှ ဧပြီလ ၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ဧရာတ်သီး(အခြောက်)၊ ကြံ၊ ကြိမ်၊ ရွှေဖရုံသီး၊ ပဲယင်း၊ နှမ်းဖြူ၊ ပဲတီစိမ်း၊ ပိုးလုံးအိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၃၀၄၃၆၄၇ ဒသမ ၈၇ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၇၄၉၄၇၀ ဒသမ ၉၄ ဒေါ်လာ ဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၇၉၃၁၁၈ ဒသမ ၈၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေဩဇာများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ Empty Cargo Container 45' Feet များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၁၈၂၇၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၀၃၈၄၀ ဒသမ ၃၁ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၄၈၆၅၄၀ ဒသမ ၃၁ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၅၇ ယွမ် ဖြစ်ပြီး၊ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၀ ဒသမ ၁၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနော်ဘမြေကုန်သွယ်မှုဇဟိုဌာန

## ဗဟိုဘဏ်ပြင်ဆင်လိုက်သည့် ငွေကြေးမူဝါဒက ပဲဈေးကွက်အပေါ်သက်ရောက်ခဲ့ပြီး မတ်ပဲ(၁)တန် ကျပ်တစ်သိန်းနီးပါး ဈေးပြုတ်ကျ၊ ဒေါ်လာဖြင့်ဝယ်ယူရသည့် ပြည်ပသွင်းကုန်အမယ်တွေ ဈေးကျလာနိုင်ကြောင်း သုံးသပ်ထား

ပြည်ပက နိုင်ငံခြားသုံးငွေအဖြစ် ရရှိတဲ့ဝင်ငွေများကို ကန်တစ်ဒေါ်လာအတွက် မြန်မာကျပ် ၁၈၅၀ ဖြင့် လဲလှယ်ပေးရမယ်ဆိုတဲ့ ငွေကြေးမူဝါဒအပြောင်းအလဲက ပြည်တွင်းပဲဈေးကွက်အပေါ် စတင်သက်ရောက်မှုရှိလာခဲ့ပြီး ဧပြီလ ၂ ရက်နေ့မှာ ဖြစ်ပေါ်ခဲ့တဲ့ ပေါက်ဈေးထက် မတ်ပဲ(၁)တန်က ကျပ်တစ်သိန်းနီးပါးအထိ ကျဆင်းသွားခဲ့ပါတယ်။

ပြည်ပဝယ်လိုအားရှိသော ပဲအမျိုးအစားတွေထဲပါဝင်တဲ့ မတ်ပဲဈေးနှုန်းအပြင် ပဲစဉ်းငုံ(RC)ဈေးလည်း ဧပြီ ၂ ရက်နေ့ ပေါက်ဈေးထက် (၁)တန်ကို ကျပ် ၈ သောင်းနီးပါး လိုက်ပါကျဆင်းသွားခဲ့ပါတယ်။

ပြည်ပပို့ကုန်အမယ်တွေရဲ့ FOB & CFR ဈေးနှုန်းတွေက ပြောင်းလဲမှုမရှိဘဲ နိုင်ငံခြားငွေလဲနှုန်းက ၁၀.၈ ရာခိုင်နှုန်း လျော့ကျသွားတာကြောင့် ကုန်ကြမ်းဝယ်ယူတဲ့အခါ တွက်ချေကိုက်အောင် ဝယ်ယူရမှာဖြစ်ပြီး အဆိုပါကုန်ပစ္စည်းတွေ ဈေးနှုန်းကျဆင်းမှုဖြစ်ပေါ်နိုင်တယ်လို့ စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက လူမှုကွန်ယက်မှာ သုံးသပ်ရေးသားထားပါတယ်။

ဗဟိုဘဏ်ရဲ့ အမိန့်ကြော်ငြာစာက ဒေါ်လာအရွက် စုဆောင်းထားသူတွေအပေါ်မှာ ချက်ချင်းသက်ရောက်မှု မရှိသော်လည်း ရေရှည်မှာ ဈေးနှုန်းကျဆင်းလို့ Export Earning ဈေးနှုန်းနီးပါး ဖြစ်သွားနိုင်ပြီး ရွှေဈေးအနေနဲ့လည်း ကမ္ဘာ့ပေါက်ဈေးနဲ့ ငွေလဲနှုန်းအပေါ် အခြေခံပြီး သတ်မှတ်ရတာကြောင့် ငွေလဲနှုန်းကျပါက ရွှေဈေးလည်း ကျဆင်းလာနိုင်တယ်လို့ ဆိုပါတယ်။

ကုန်ပစ္စည်းတင်သွင်းသူတွေအနေနဲ့ကလည်း အရေးကြီးကုန်စည်အလိုက် ဘဏ်တွေထံက ကန်တစ်ဒေါ်လာကို ကျပ် ၁၈၅၀ ဖြင့် ဝယ်ယူနိုင်မှာဖြစ်တာကြောင့် နိုင်ငံခြားငွေ အလုံအလောက်သာ ရောင်းချပေးနိုင်လျှင် ဒေါ်လာဖြင့်ဝယ်ယူနေရသည့် စက်သုံးဆီ၊ စားသုံးဆီ၊ ဆေးဝါး၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းတွေ မကြာမီ ၁၀ ရာခိုင်နှုန်းခန့် ဈေးကျလာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။

**Source:** BETV Business

## အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ အရည်အသွေးနိမ့်ယွန်းထည်နှင့်ယွန်းထည်အတုများ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းယွန်းထည်များ ဝယ်ယူမှုမရှိဖြစ်နေ



Source: ရတနာပုံသတင်းစာ

အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အရည်အသွေးနိမ့် ယွန်းထည်များနှင့် ယွန်းထည်အတုများ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းယွန်းထည်များ ဝယ်ယူမှုမရှိဖြစ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင် မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

ထိုသို့ အရည်အသွေးနိမ့် ယွန်းထည်များနှင့်ယွန်းထည်အတုများ ဝင်ရောက်လာခြင်းကြောင့် ယွန်းထည် ဈေးကွက်တွင် ၂၀၁၈ ခုနှစ်မှစ၍ ယနေ့ထိ ယွန်းထည်ပစ္စည်းများ ဝယ်ယူမှုမရှိဖြစ်နေကြောင်း၊ လက်ရှိကိုဗစ်ရောဂါကြောင့် ယွန်းထည်ထုတ်လုပ်နေသည့် ဆိုင်ကြီးများနှင့်ဆိုင်ငယ်များမှာ ရပ်တည်ရန်ပိုမိုခက်ခဲနေကြောင်း သိရသည်။

“ယွန်းထည်ဈေးကွက်က ၂၀၁၈ လောက်ကတည်းက ပြည်တွင်းမှာ အဝယ်မရှိတော့ဘူး။ ပလပ်စတစ်မိုတွေနဲ့ လုပ်ထားတဲ့ ယွန်းထည်အတုတွေ ဈေးကွက်ထဲဝင်လာသလို အရည်အသွေးနိမ့် ကုန်ကြမ်းနဲ့ထုတ်လုပ်ထားတဲ့ ယွန်းထည်တွေ ဝင်လာတဲ့အခါကျတော့ အမှန်တကယ်ယွန်းထည်အစစ်တွေက ဝယ်ယူသူမရှိသလောက်ဖြစ်သွားတယ်၊ ခရီးသွားတွေ ပြန်ဝင်လာတော့မယ်ဆိုတော့ မျှော်လင့်ချက်တော့ ရှိလာတယ်” ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

Source: ရတနာပုံသတင်းစာ

စီးပွားရေးသံမှူးသတင်းများ

## ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့သီးနှံဈေးကွက်များအပေါ်သက်ရောက်မှု လေ့လာသုံးသပ်

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံအား စီးပွားရေးအရေးယူပိတ်ဆို့မှုများစွာ ဆောင်ရွက်ခဲ့မှုများသည် ကမ္ဘာ့ဓာတ်မြေသြဇာဈေးကွက်ကို တန်ပြန် ဖိအားပေးလျက်ရှိပြီး ကမ္ဘာ့သီးနှံဈေးကွက်အပေါ် များစွာသက်ရောက်ကြောင်း အိုင်အိုဝါ ပြည်နယ်တက္ကသိုလ်မှ စီးပွားရေးပညာရှင် Mr. Chad E. Hart က ၎င်းဆောင်းပါးတွင် ဖော်ပြထားကြောင်း သိရပါသည်။

အမေရိကန်နိုင်ငံအနေနှင့် ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာတင်သွင်းမှုအပေါ် အရေးယူပိတ်ဆို့မှု မဆောင်ရွက်သော်လည်း ဥရောပနိုင်ငံများနှင့် တောင်အမေရိကနိုင်ငံများက အရေးယူပိတ်ဆို့ခဲ့ကြကြောင်း၊ တရုတ်နှင့်ရုရှားနိုင်ငံတို့၏ ပို့ကုန်ကန့်သတ်ချက်များ၊ ဘီလာရုစ်နိုင်ငံအား စီးပွားရေးအရေးယူမှု၊ သဘာဝဓာတ်ငွေ့ဈေးမြင့်မားမှုကြောင့် ဥရောပနိုင်ငံများတွင် ဓာတ်မြေသြဇာထုတ်လုပ်မှုကျဆင်းခြင်းစသည့်အကြောင်းခြင်းရာများကြောင့် ရုရှား-ယူကရိန်း ပဋိပက္ခမတိုင်ခင်ကပင် ကမ္ဘာ့ဓာတ်မြေသြဇာ ထုတ်လုပ်ရောင်းချမှုသည် အကန့်အသတ်ဖြစ်နေခဲ့ကြောင်း ဖော်ပြထားပါသည်။

စစ်ပွဲကြောင့် ကမ္ဘာ့ဓာတ်မြေသြဇာ ရောင်းလိုအားပိုမိုလျော့နည်းစေလာပြီး သဘာဝဓာတ်ငွေ့ဈေးနှုန်းလည်း ဆက်လက်မြင့်တက်လာစေကြောင်း၊ သို့ဖြစ်၍ သီးနှံထုတ်လုပ်မှုစရိတ် သိသိသာသာမြင့်တက်လာပြီး သီးနှံဈေးနှုန်းများလည်း မြင့်တက်လာကြောင်း ၎င်းဆောင်းပါးတွင် ဖော်ပြထားပါသည်။ စစ်ပွဲကြောင့် တိုက်ရိုက်သက်ရောက်မှုအရှိဆုံး သီးနှံဖြစ်သဖြင့် ဆောင်းသီးနှံဂျုံအပေါ် သက်ရောက်မှုအမြင့်ဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့ဂျုံအဓိကတင်ပို့သည့် ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံမှ အကြမ်းအားဖြင့် ကမ္ဘာ့ဂျုံထွက်ရှိမှုစုစုပေါင်း၏ ခုနစ်ပုံတစ်ပုံ စိုက်ပျိုးထွက်ရှိကြောင်း၊ စစ်ပွဲနှင့်စီးပွားရေးအရေးယူ ပိတ်ဆို့မှုများကြောင့် ပင်လယ်နက်ဒေသထွက်ဂျုံ (Black Sea wheat) သည် ကမ္ဘာ့ဈေးကွက်မှ ပျောက်ကွယ်သွားနိုင်ခြေရှိကြောင်း၊ ရုရှားနှင့်ယူကရိန်းတို့က နွေရာသီက ဂျုံအများအပြားစိုက်ပျိုးထားရှိခဲ့သည့်အတွက် စစ်ပွဲကြောင့် လာမည့် ၂၀၂၂ ခုနှစ် ဂျုံဈေးကွက်အပေါ် များစွာထိခိုက်၊ သက်ရောက်လာနိုင်ကြောင်း၊ ရုရှားနိုင်ငံ၏ ဂျုံ ၇၀ ရာခိုင်နှုန်းခန့်နှင့် ယူကရိန်းနိုင်ငံ၏ ဂျုံ ၉၇ ရာခိုင်နှုန်းခန့်သည် ဆောင်းသီးနှံများဖြစ်ကြကြောင်း၊ စစ်ပွဲကြောင့် သီးနှံစိုက်ခင်းများစွာပျက်ဆီးခဲ့ပြီး ပင်လယ်နက်ဒေသတွင် ဂျုံအထွက်နှုန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းကြောင်း သိရပါသည်။

စစ်ပွဲကြောင့် ထိခိုက်သည့်အခြားသီးနှံများမှာ ပြောင်းနှင့် ပဲပုပ်စေ့သီးနှံများဖြစ်ကြောင်း၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က အဆိုပါသီးနှံများ အဓိကစိုက်ပျိုးထုတ်လုပ်ခြင်းမရှိသော်လည်း သွယ်ဝိုက်သောနည်းဖြင့် သက်ရောက်ကြောင်း၊ ရုရှား၊ ယူကရိန်း နှစ်နိုင်ငံသည် နေကြာကို အဓိကစိုက်ပျိုး၊ ထုတ်လုပ်ကြပြီး ကမ္ဘာ့နေကြာဆီ ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ရုရှားနှင့် ယူကရိန်းတို့မှ တင်ပို့ကြောင်း၊ သို့ဖြစ်၍ ပဲပုပ်စေ့အပါအဝင် ကမ္ဘာ့စားသုံးဆီ ဈေးကွက်တစ်ခုလုံးလည်း စစ်ပွဲကြောင့် သက်ရောက်မှုရှိကြောင်း သုံးသပ်ဖော်ပြထားပါသည်။

ပြောင်းဈေးကွက်အနေနှင့် စစ်ပွဲကြောင့် တိုက်ရိုက်သော်လည်းကြောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်မှု ရှိကြောင်း၊ ကမ္ဘာ့တိရိစ္ဆာန်အစာဈေးကွက်တွင် ပြောင်းနှင့်ဂျုံအကြားယှဉ်ပြိုင်မှုကြောင့် သွယ်ဝိုက်သက်ရောက်ကြောင်း၊ ပင်လယ်နက်ဒေသမှ စိုက်ပျိုးထွက်ရှိသည့်ပြောင်းများ ကမ္ဘာ့ပြောင်းဈေးကွက်သို့ ကြီးထွားဝင်ရောက်လျက်ရှိသည့်အတွက် ဆယ်စုနှစ်ကြာ ပြောင်းများစွာ စိုက်ပျိုးထုတ်လုပ်ကြသည့် ရုရှားနှင့်ယူကရိန်းနှစ်နိုင်ငံတွင်စစ်ပွဲကြောင့် ပြောင်းဈေးကွက်ကို တိုက်ရိုက်သက်ရောက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source: https://www.agupdate.com/news/national/isu-ag-economist-analyzes-war-s-ripple-effect/article_a3ac2914-b128-11ec-b3a6-17a53ab07349.html**

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကုန်သွယ်မှု တိုးတက်သော်လည်း သွင်းကုန် ကုန်စည်များ၏ဈေးနှုန်း မြင့်တက်မှုကြောင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၀.၁၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိ




Photo: Internet

၂၀၂၂ ခုနှစ်၊ မတ်လတွင် ကိုရီးယားသမ္မတနိုင်ငံ၏ကုန်သွယ်မှုအနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ (၆၃.၄၇၈) ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ (၆၃.၆၁၈) ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁၂၇.၀၉၆) ဘီလီယံဆောင်ရွက်နိုင်ခဲ့ရာ၊ ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် (၁၈.၂) ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် (၂၇.၉) ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး ကုန်သွယ်မှု လိုငွေ (၀.၁၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိတွင် ပို့ကုန် အမေရိကန်ဒေါ်လာ(၁၇၂.၈၁၇)ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ (၁၇၆.၈၅၇) ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၃၄၉.၆၇၄) ဘီလီယံဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ ကုန်သွယ်မှုလိုငွေအနေဖြင့် အမေရိကန်ဒေါ်လာ (၄.၀၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိပါသည်။

ယခု ၂၀၂၂ ခုနှစ်၊ မတ်လသည် ကိုဗစ်-၁၉ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ (၁၇) လ မြောက်အဖြစ် ပို့ကုန်တိုးတက် တင်ပို့နိုင်သည့်လဖြစ်သည့်အပြင် ၁၉၅၆ ခုနှစ်နောက်ပိုင်း (၆၆)နှစ်တာ အတွင်းအမြင့်ဆုံးပမာဏအဖြစ်ကုန်သွယ်မှုသမိုင်းတွင် စံချိန် တင်နိုင်ခဲ့သည့်လလည်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း သမ္မတအသစ်ရွေးကောက်ပွဲအတွက် (၁)ရက် ရုံးပိတ်ခဲ့ခြင်းနှင့် ရုရှား-ယူကရိန်းပဋိပက္ခတို့၏ ရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းလည်ပတ်မှုကာလသည် ယခင်နှစ်ကာလတူထက် လျော့ကျခဲ့သည့်တိုင် နေ့စဉ် ပျမ်းမျှပို့ကုန်တင်ပို့နိုင်မှုသည် အမေရိကန် ဒေါ်လာ(၂.၈) ဘီလီယံဖြင့် စံချိန်တင်နိုင်ခဲ့ပါသည်။

သွင်းကုန်တွင်မူ စွမ်းအင်ဈေးနှုန်းကြီးမြင့်မှုနှင့် Intermediate goods ကုန်စည်များ ပိုမိုဝယ်ယူ မှုများကြောင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၆၃.၆၁၈) ဘီလီယံဖြင့် ယခင်နှစ်ကာလတူထက် (၂၇.၉) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။ ရေနံစိမ်း၊

သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် စွမ်းအင်တင်သွင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၁၆.၂) ဘီလီယံအထိ မကြုံစဖူး ရောက်ရှိခဲ့ပြီး၊ ယင်းမှာ ၂၀၂၁ ခုနှစ်၊ မတ်လထက် အမေရိကန်ဒေါ်လာ (၈.၅) ဘီလီယံခန့် ပိုမိုကြောင်းနှင့် သွင်းကုန်တန်ဖိုးမြင့်မားနေသဖြင့် ကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ (၀.၁၄) ဘီလီယံ ဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အဓိကပို့ကုန်ပစ္စည်း (၁၅)မျိုးအနက် (၁၃)မျိုးသည် တင်ပို့မှုတိုးတက်ခဲ့ပါသည်။ Chip များ တင်ပို့ရောင်းချမှု (၃၈) ရာခိုင်နှုန်းဖြင့် (၂၁)လ ဆက်တိုက်တိုးတက်လျက်ရှိကာ AI နှင့် Big Data ဝယ်လိုအားမြင့်မားလာမှုတို့ကြောင့် Chip ပြတ်လပ်မှုကို ဖြစ်ပေါ်စေပြီး ဈေးနှုန်းများကို ပိုမိုမြင့်မား လာစေခဲ့ပါသည်။ စမတ်ဖုန်းအသစ်များထွက်ရှိလာမှုနှင့် တောင်ကိုရီးယားနိုင်ငံလုပ် စမတ်ဖုန်းအစိတ်အပိုင်းများကို ပိုမိုနှစ်သက်လာကြမှုကြောင့် ကြိုးမဲ့ဆက်သွယ်ရေးကိရိယာများကဲ့သို့သော အိုင်တီထုတ်ကုန်များသည် (၄၄.၅) ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ Wireless ပို့ကုန်ကုန်စည်များ တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ (၁.၉) ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်းနှင့် OLED Panels များ၏ ဝယ်လိုအားမြင့်မားလာမှုကြောင့် Display တင်ပို့နိုင်မှု (၄၈.၄) ရာခိုင်နှုန်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် မြောက်အမေရိကနှင့် တရုတ်နိုင်ငံတို့တွင် Data Center ရင်းနှီးမြှုပ်နှံမှုများအတွက် SSD တင်ပို့ရမှု ပိုမိုလာသောကြောင့် ကွန်ပျူတာများ တင်ပို့နိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁.၇) ဘီလီယံဖြင့် အမြင့်ဆုံး တိုးတက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

စက်မှုလုပ်ငန်းထုတ်ကုန်များသည် ဝယ်လိုအားမြင့်တက်လာသည်ကိုတွေ့ရှိရပြီး၊ ရေနံဓာတုပစ္စည်းများကဲ့သို့ Intermediate goods ကုန်စည်များသည် (၁၄.၈) ရာခိုင်နှုန်း၊ ရေနံထွက်ကုန်များ (၉၀.၁) ရာခိုင်နှုန်းနှင့် အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်နေသဖြင့် သံမဏိလိုအပ်ချက်မြင့်မားမှုကြောင့် သံမဏိ(Steel) တင်ပို့နိုင်မှုသည် (၂၆.၈) ရာခိုင်နှုန်းခန့် အသီးသီး တိုးမြင့်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ချစ်ပ်ပြတ်လပ်မှု၊ တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုအရှိန်ပြန်တက်လာခြင်းနှင့် ဂျပန်နိုင်ငံ၏ လတ်တလော ငလျင်လှုပ်ခတ်ခဲ့မှုများကြောင့် မော်တော်ယာဉ်တင်ပို့နိုင်မှုသည် (၉.၇) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ (၅)လအတွင်း ပထမဆုံးအကြိမ်အဖြစ် အနုတ်လက္ခဏာပြခဲ့ပါသည်။ သို့ရာတွင် လျှပ်စစ်ကားများတင်ပို့နိုင်မှုသည် (၇၂.၂) ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေဆဲဖြစ်ပြီး စုစုပေါင်းမော်တော်ကားတင်ပို့နိုင်မှု၏ (၁၉.၉) ရာခိုင်နှုန်းကို နေရာယူထားသည်ကို လေ့လာတွေ့ရှိရပါသည်။ စက်မှုလုပ်ငန်းသစ်များလည်း ပိုမိုအားကောင်းလာသည်ကိုတွေ့ရှိရပြီး၊ တစ်ကမ္ဘာလုံးမှ Test Kit များနှင့် ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များအပေါ် ဝယ်လိုအားမြင့်တက်နေမှုကြောင့် ဇီဝကျန်းမာရေးထုတ်ကုန်များသည် (၂၄.၂) ရာခိုင်နှုန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

ဒေသအလိုက်တင်ပို့နိုင်မှုအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် လွတ်လပ်သော ဓနသဟာယဒေသနိုင်ငံများ(The Commonwealth of Independent States-CIS)သို့တင်ပို့နိုင်မှု (၃၇.၇) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ဥရောပသမဂ္ဂနိုင်ငံများသို့တင်ပို့နိုင်မှု (၂)ရာခိုင်နှုန်း လျော့ကျခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းမှလွဲ၍ အဓိကကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့နိုင်မှု တိုးတက်ခဲ့ပြီး၊ တရုတ်နိုင်ငံသို့တင်ပို့မှု (၁၆.၆ ရာခိုင်နှုန်း)၊ အမေရိကန်သို့ (၁၉.၉ ရာခိုင်နှုန်း)နှင့် အာဆီယံနိုင်ငံများသို့ (၄၄.၄ ရာခိုင်နှုန်း) ဖြင့် အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့၍ လစဉ်တင်ပို့နိုင်မှုတန်ဖိုးတွင် သမိုင်းဝင်အမြင့်ဆုံးပမာဏသို့ရောက်ရှိခဲ့ကြောင်း၊ ကုန်သွယ်ဖက်/ဈေးကွက် အသစ်ဒေသများဖြစ်သော Gulf Cooperation Council (GCC) သို့ (၁၇.၄ ရာခိုင်နှုန်း)နှင့် လက်တင်အမေရိကသို့(၂၅.၆ ရာခိုင်နှုန်း)ဖြင့် အသီးသီးတိုးတက်တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်မှုနှင့်အတူ တောင်ကိုရီးယားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ မတ်လ အစောပိုင်းကာလတွင် ၂၀၀၈ ခုနှစ်၊ နောက်ပိုင်းကာလ၌ အမြင့်ဆုံးသောအခြေအနေအဖြစ်သို့ ထပ်မံရောက်ရှိလာခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ရုရှားရေနံစိမ်းအပေါ် အလွန်အမင်းမှီခိုနေရပြီး၊ နိုင်ငံ၏ရေနံဓာတုစက်မှုလုပ်ငန်းတွင် အဓိကကုန်ကြမ်းများထဲမှတစ်ခုဖြစ် သည့် Naphtha လေးပုံတစ်ပုံနီးပါး၏အရင်းအမြစ်သည် ရုရှားနိုင်ငံမှဖြစ်သောကြောင့် ရုရှား-ယူကရိန်းပဋိပက္ခသည် ရေနံဓါတုလုပ်ငန်းလုပ်ကိုင်သော တောင်ကိုရီးယားကုမ္ပဏီများအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်ပေါ်လျက်ရှိပါသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခနှင့် ရုရှား-ယူကရိန်း နယ်မြေပဋိပက္ခတို့၏ ရိုက်ခတ်မှုများကြောင့် ကမ္ဘာ့ကုန်စည် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်အား ပြန်လည်တည်ဆောက်ရန် လိုအပ်နေသည့်နည်းတူ ကုန်သွယ်မှု၏အခန်းကဏ္ဍသည် တောင်ကိုရီးယားနိုင်ငံ၏အနာဂတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအရေးပါလာပါသည်။ ယခုနှစ်သည် Korea-US FTA ၏ (၁၀)နှစ်မြောက်နှစ်ဖြစ်သည့်အားလျော်စွာ အဆိုပါ FTA မှပိုမိုထိရောက်ကောင်းမွန်သည့်ရလဒ်များ ဆောင်ရွက်ရရှိနိုင်ရေး အနာဂတ်

အစီအစဉ်များကို ကုန်သွယ်ရေးပညာရှင်အသိုက်အဝန်းက ဆွေးနွေးလျက်ရှိကြပါသည်။ တောင်ကိုရီးယားနိုင်ငံ၌ The Regional Comprehensive Economic Partnership (RCEP) စတင်အသက်ဝင်ခဲ့ပြီးဖြစ်သည့်အပြင် The Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) အဖွဲ့ဝင်အဖြစ် ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်းတွင် တရားဝင်လျှောက်လွှာပေးပို့တင်သွင်းနိုင်ရေးအတွက် လိုအပ်သည်များကို တောင်ကိုရီးယား၊ ကုန်သွယ်ရေးဝန်ကြီးဌာနက အသင့်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ နှင့် အတူယှဉ်တွဲနေထိုင်သည့်လမ်းစဉ်ကိုကျင့်သုံးလျက် Social Distancing စည်းကမ်းများကိုလည်း အခြေအနေပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ လိုတိုး/ပိုလျှော့ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနှင့်စီးပွားရေးကဏ္ဍတို့ကို ဟန်ချက်ညီစွာတိုးတက်စေရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**Source: Ministry of Trade, Industry and Energy၊ Ministry of Health & Welfare**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီး Arkhom က ၂၀၂၂ ခုနှစ်တွင် ပြည်ပပို့ကုန်တင်ပို့မှု(၁၀%)တိုးတက်မှုရရှိရန် မျှော်မှန်းထားခြင်း

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လျှက်ရှိနေသော်လည်း ဘဏ္ဍာရေးဝန်ကြီး Arkhom က ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည် ယခုနှစ်တွင် (၁၀%)တိုးတက်မှုရရှိရန် မျှော်မှန်းလျှက်ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

(၃၀-၃-၂၀၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ထိုင်းအမျိုးသားရေကြောင်း ပို့ဆောင်ရေးကောင်စီ(TNSC)၏ နှစ်ပတ်လည်ပုံမှန်အစည်းအဝေးတွင်Mr. Arkhom က ၎င်း၏ပြည်ပပို့ကုန် တိုးတက်မှုဂဏန်းနှစ်လုံးရရှိရန် မျှော်လင့်ချက်မှာ ယမန်နှစ်က ရရှိခဲ့သောပို့ကုန်တိုးတက်မှု(၁၇.၁%)အပေါ်တွင်အခြေခံ၍ပြောကြားခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ပျမ်းမျှပို့ကုန်တိုးတက်မှုနှုန်း(၃.၅-၄%)ရရှိမည်ဟု မျှော်မှန်းထားကြောင်း၊ ပုဂ္ဂလိကကဏ္ဍများအနေဖြင့် (၅%)ခန့် ရရှိမည်ဟု မျှော်မှန်းထားကြောင်းပြောကြားခဲ့ပါသည်။

ယခုနှစ်ပထမနှစ်လတွင်ထိုင်းနိုင်ငံအနေဖြင့်ပြည်ပတင်ပို့မှုအမေရိကန်ဒေါ်လာ(၄၄.၇)ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းမှာ ယခင်နှစ်ကာလတူထက် (၁၂.၂%)ပိုမိုတိုးတက်လာခြင်းဖြစ်ကြောင်း ပုဂ္ဂလိကကဏ္ဍအနေဖြင့်ယခုနှစ်တွင် ၎င်းတို့၏မူလမျှော်မှန်းချက်ဖြစ်သည့် (၅%)အပေါ်တွင်(၁၀%)အထိ တွန်းအားပေးနိုင်မည်ဆိုပါက စီးပွားရေးမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Mr. Arkhomကအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအနေဖြင့် ပို့ကုန်တင်ပို့မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရကဏ္ဍများအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့်ငွေဖြစ်လွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုလွယ်ကူစေရေးဆောင်ရွက်ပေးရန် ကတိပြုထားကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အစိုးရဘဏ်များအား အခက်အခဲကြုံတွေ့နေရသော လုပ်ငန်းရှင်များ၊ အထူးသဖြင့် SMEs လုပ်ငန်းရှင်များအား ချေးငွေရရှိရေးအရှိန်မြှင့်တင်ဆောင်ရွက်ပေးရန်ပြောကြားထားပြီးဖြစ်ကြောင်း Mr. Arkhomကပြောကြားခဲ့ပါသည်။

TNSC ၏ ဥက္ကဋ္ဌ Chaichan Chareonsukက ပို့ကုန်တိုးတက်မှု(၁၀%)ရရှိရန်မှာ စိန်ခေါ်မှုများစွာရှိနေကြောင်း ပြောကြားခဲ့ပါသည်။ ပို့ကုန်တင်ပို့မှုကဏ္ဍမှာ မသေမချာမရေရာမှုများစွာကို ရင်ဆိုင်နေရကြောင်း၊ မတည်မငြိမ်မှုများ၊ မသေမချာ မရေမရာမှုများ၊ ရှုပ်ထွေးမှုများနှင့် မရှင်းလင်းမှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။

ယခုနှစ်တွင်ထိုင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မြေသြဇာနှင့်တိရစ္ဆာန်အစာကဲ့သို့သော အခြေခံကုန်ကြမ်းမလုံလောက်မှုများ၊ ရေနံနှင့်သံမဏိဈေးနှုန်းများ မြင့်တက်လာမှုကဲ့သို့သော အချက်များကို အနီးကပ်စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးနှောင့်နှေးမှု၊ ကွန်တိန်နာမလုံလောက်မှုများကြောင့် ကုန်ကျစရိတ်များမြင့်တက်မှုများသည် ယခုနှစ်တွင် ဆက်လက်၍ တည်ရှိနေဆဲဖြစ်ကြောင်းသိရှိရပါသည်။

အကယ်၍ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခသည် မပြင်းထန်ဘဲ(၃)လအတွင်း ပြေလည်မှုရရှိမည်ဆိုပါက TNSCအနေဖြင့် ယခုနှစ်တွင် ပို့ကုန်တိုးတက်မှု (၅%)ရရှိမည်ဟု မျှော်လင့်ထားကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခအပေါ်အနောက်နိုင်ငံများ၏

ပိတ်ဆို့မှုများနှင့် ကမ္ဘာ့ဘဏ္ဍာရေးမတည်မငြိမ်မှုများကြောင့် TNSCအနေဖြင့် ဒုတိယ(၃)လပတ်အတွက် ၎င်း၏ပို့ကုန်တိုးတက်မှုကို(၅%)မှသုံ့ညသို့လျှော့ချခဲ့ကြောင်းသိရှိရပါသည်။

ပထမ(၃)လပတ်တွင် ဝယ်ယူရေးအမှာစာများ၏ အတည်ပြုမှုများကြောင့် ပို့ကုန်တိုးတက်မှု(၇-၈%)ရရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ပို့ကုန်တိုးတက်မှု(၅%)ထက်မနည်းရရှိရန်မှာ ပို့ကုန်တင်ပို့သူများအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအတွက် အွန်လိုင်းဈေးကွက်များကိုပိုမို၍ အသုံးချရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံများနှင့် ကုန်သွယ်မှုများအတွက်ဖြစ်ကြောင်း၎င်းကပြောကြားခဲ့ပါသည်။

မြင့်မားသော ကုန်စည်ပို့ဆောင်မှုနှုန်းထားများကြောင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် လာအို-တရုတ် အမြန်ရထားကဲ့သို့သော ပို့ဆောင်ရေးနည်းလမ်းသစ်များကို ရှာဖွေရလိမ့်မည်ဖြစ်ကြောင်း၊ ထိုင်းသင်္ဘောတင်ပို့သူများအနေဖြင့် ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ အိုမန်စသည့်အရှေ့အလယ်ပိုင်းဈေးကွက်သစ်များသို့ ချဲ့ထွင်ရန်တက်ကြွသော မဟာဗျူဟာများရှိရန်လိုအပ်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများဖြစ်သည့် လက်ရှိ (FTAs)များနှင့် Mini-FTAs များကိုလည်း အကောင်းဆုံးအသုံးချ ဆောင်ရွက်ရန်လည်းလိုအပ်ကြောင်း Mr.Chaichanက ပြောကြားခဲ့ပါသည်။

Bangkok Post

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (5.4.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Apr. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 305 | 2,440,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,700 | 2,650 | 3,109 | 8,266,800 | 38,929,150 | 103,162 |
| MCB | 00003 | 7,900 | +200 | +2.60% | 7,900 | 7,900 | 7,900 | 10 | 79,000 | 10,400,986 | 82,168 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 114 | 2,052,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 151 | 392,600 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 4,900 | 5,000 | 4,900 | 26 | 128,000 | 10,497,598 | 52,488 |


### Market summary

As of 5th Apr. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.57 | +1.20 | +0.33% | 361.77 | 364.69 | 361.77 | 3,715 | 13,358,400 | 7 | 632,474 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 5th Apr. 2022

| MYANPIX | 363.57 ▲ 1.20 |
|---|---|
| Total Volume (shares) | 3,715 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 632,474 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 200 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR